
ဓားတန်ခိုးရှင်၏ ဒဏ္ဍာရီ (ဒုတိယတွဲ)
အင်မော်တယ် ဂျူဟွာ
စာစဉ်-၃
Dr-Panda

# ဓားတန်ခိုးရှင်၏ ဒဏ္ဍာရီ (အင်မော်တယ် ဂျူဟွာ)

## Book 3

## Chapter 1

## မတူညီသော ရည်ရွယ်ချက်များ

*

ရောမ ရေနန်းဆောင် စစ်သင်္ဘောကြီး ဟာ မဟာရုကမ္ဘာကို ဖြတ်ကျော်ပျံသန်းနေပါတယ်။ သင်္ဘောကြီးဆီက ထွက်ပေါ်နေတဲ့ ကြောက်မက်ဖွယ် အော်ရာအရှိန်အဝါကြောင့် ဘယ်သတ္တဝါမှ လာရောက်မနှောင့်ယှက်ရဲကြပါဘူး။ တကယ်လို့ အသိဉာဏ်နည်းပါးတဲ့ သတ္တဝါအချို့က လာရောက်ရန်စရင်လည်း သင်္ဘောကြီးရဲ့ ဖိအားကြောင့် တမဟုတ်ချင်း ပြာအဖြစ် ကြွေကျပျက်စီးသွားရရုံသာ ရှိပြီး ခရီးစဉ်ကို ဘာမှ မထိခိုက်စေပါဘူး။

တစ်လနီးပါး ချောချောမွေ့မွေ့ ပျံသန်းလာခဲ့ပြီးနောက် ကျွမ်းရွှေကလန်တပ်ဖွဲ့ဟာ ဆောင်းဦးတောင်ကုန်း ရွှံ့နွံအိုင်ကြီးနဲ့ မလှမ်းမကမ်းကို ရောက်ရှိလာပါပြီ။

ဒီအချိန်မှာတော့ စစ်သင်္ဘောပေါ်မှာ ကင်းစောင့်နေတဲ့ အနက်ရောင်သံချပ်ကာတပ်သား နှစ်ယောက်ဟာ အားလပ်ချိန်မှာ စကားစမြည် ပြောနေကြပါတယ်။

"ငါတို့ အောက်က ချောက်ကမ်းပါးကြီးက လေပြင်းတစ်ထောင်တောင်ကြားမဟုတ်လား။ အဲဒီမှာ ထူးဆန်းတဲ့ လေပြင်းတွေ အများကြီး ရှိ

တယ်လို့ ကြားဖူးတယ်။ ငါသာ အဲဒီမှာ တိတ်တဆိတ် တရားကျင့်ခွင့်ရရင် ငါ့ရဲ့လေတာအို က ဒီထက် အများကြီး တိုးတက်လာမှာပဲ"

အရပ်ရှည်ရှည် တပ်သားတစ်ယောက်က စိတ်လှုပ်ရှားစွာ ပြောလိုက်ပါတယ်။

"ဒီနေရာက ဆောင်းဦးတောင်ကုန်းနဲ့ သိပ်မဝေးတော့ဘူး။ စစ်ပွဲပြီးရင်တော့ မင်း ဒီမှာနေပြီး ကျင့်ကြံဖို့ ခွင့်တောင်းလို့ ရမှာပါ"

နောက်ထပ် တပ်သားတစ်ယောက်က အရှေ့ကို စိုက်ကြည့်ရင်း အေးအေးဆေးဆေး ပြန်ပြောပါတယ်။

"စစ်ပွဲပြီးရင် ဟုတ်လား"

အရပ်ရှည်ရှည် တပ်သားက ခေါင်းခါလိုက်ပါပြီ။

"ဒီတစ်ခါ ရှအင်ပါရီယာ ပြည့်ရှင်ရဲ့ ပစ်မှတ်က ဆောင်းဦးတောင်ကုန်း ရှုံ့နှံ့အိုင်ကြီးကွ။ ဒီစစ်ပွဲမှာ လွတ်မြောက်အင်မော်တယ်တွေတောင် ဘယ်လောက်တောင် သေကြဦးမလဲ မသိဘူး၊ ငါတို့လို တပ်သားတွေဆိုရင်တော့ ပြောမနေနဲ့တော့"

"ဆောင်းဦးတောင်ကုန်းကတော့ တကယ်ကို နာမည်ဆိုးနဲ့ ကျော်ကြားတာပဲ"

နောက်တပ်သားတစ်ဦးက ခေါင်းငြိမ့်ထောက်ခံပါတယ်။ ဒါပေမဲ့ သူ တစ်ခုခု ထပ်ပြောဖို့ ပြင်လိုက်စဉ်မှာပဲ ငြိမ်သက်စွာ ပျံသန်းနေတဲ့ စစ်သင်္ဘောကြီးဟာ ရုတ်တရက် ပြင်းထန်စွာ တုန်ခါသွားပါတော့တယ်။

"ဘာဖြစ်တာလဲ"

အရပ်ရှည်ရှည် တပ်သားက လှည့်ကြည့်လိုက်တဲ့အခါ သူ့မျက်လုံးတွေ ပြူးကျယ်သွားပါပြီ။

ဘာမှမရှိတဲ့ တောင်ကြားချောက်ကမ်းပါး အောက်ခြေကနေ ပေပေါင်း သောင်းနဲ့ချီ မြင့်မားတဲ့ ဧရာမ ပုံရိပ်ကြီးတွေ ဘယ်အချိန်ကတည်းက ပေါ်လာမှန်းမသိ ပေါ်ထွက်လာနေခဲ့တာပါ။ အဲဒီပုံရိပ်တွေရဲ့ ရှေ့ဆုံးမှာတော့ ပေပေါင်း တစ်သိန်း လောက် မြင့်မားတဲ့ ကြောက်မက်ဖွယ် သတ္တဝါကြီး တစ်ကောင် ရှိနေပါတယ်။

စစ်သင်္ဘောကြီး တုန်ခါသွားတာဟာ အဲဒီ ပေတစ်သိန်းမြင့်တဲ့ သတ္တဝါကြီးက သင်္ဘောကို လက်ဝါးနဲ့ သာသာလေးရိုက်ချလိုက်လို့ပါပဲ။

"မကောင်းတော့ဘူး... ဒါ ဖင်းဂေါ့ကြီးပဲ။"

တပ်သားရဲ့ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပါတယ်။ ပေတစ်သိန်းမြင့်တဲ့ ဖင်းဂေါ့ကြီးက ဘယ်လောက်တောင် အစွမ်းထက်မလဲ။

"မြန်မြန်... မြန်မြန် သတင်းပို့..."

နောက်တပ်သားက စကားပြောဖို့ ပြင်လိုက်ချိန်မှာပဲ စစ်သင်္ဘောပေါ်မှာ လူရိပ်တွေ ဆက်တိုက် ပေါ်လာပါပြီ။

ဒီလောက် ပြင်းထန်တဲ့ လှုပ်ခါမှုကို မသေသေးတဲ့သူတိုင်း အာရုံခံမိမှာပါ။ ဒါကြောင့် သူတို့ သတင်းပို့နေစရာ မလိုတော့ဘဲ လူတိုင်းဟာ ကိုယ့်အခန်းထဲကနေ ချက်ချင်း ထွက်လာကြပါတယ်။

ဒီထဲမှာ ဂျူပွာလည်း အပါအဝင်ပေါ့။

ပေတစ်သိန်းမြင့်တဲ့ ဖင်းဂေါ့ကြီးဟာ ခန္ဓာကိုယ်အောက်ပိုင်းမှာ သားရဲခြေထောက်ကြီး လေးချောင်းရှိပြီး အပေါ်ပိုင်းကတော့ လူပုံသဏ္ဍာန် ဖြစ်ပေမယ့် လက်ခြောက်ဖက် ပါရှိပါတယ်။

အဲဒီ ဖင်းဂေါ့ကြီးမှာ လက်နက် မရှိပါဘူး။ သူဟာ သူ့ရဲ့ သန်မာလှတဲ့ လက်မောင်း ခြောက်ဖက်နဲ့ စစ်သင်္ဘောကြီးကို တရစပ် ထုနှက်နေပါပြီ။

ခဏအတွင်းမှာပဲ စစ်သင်္ဘောရဲ့ ကာကွယ်ရေး အလင်းဝက်ပါတွေဟာ ပျက်စီးလုနီးပါး ဖြစ်သွားပါတယ်။

"ဂျူဟွာ... ဒါ မြေကမ္ဘာ ဖင်းဂေ့ါကြီးပဲ။ သူက မူလတာအိုသူတော်စင် အဆင့် ဖင်းဂေ့ါ ရာနဲ့ချီကိုလည်း ခေါ်လာသေးတယ်"

ကျွမ်းရွှေဖင်ချိုးက စိုးရိမ်တကြီးနဲ့ ဂျူဟွာကို လှမ်းကြည့်ပါတယ်။

"ကျွန်တော် ဘိုးဘေးထျန်ယန်ကို အကြောင်းကြားပြီးပြီ။ ခဏလောက် တောင့်ခံထားကြပါ။ ဘိုးဘေးကြီး ရောက်လာပါလိမ့်မယ်"

ဂျူဟွာက တည်တည်ငြိမ်ငြိမ်ပဲ ပြောလိုက်ပါတယ်။ အဲဒီနောက် သူက အမိန့်ပေးလိုက်ပါပြီ။

"စစ်သည်တော်များအားလုံး နာခံစေ။ ဝင်္က်ပါ ပြင်ဆင်ပြီး တိုက်ခိုက်ကြ။"

ဂျူဟွာရဲ့ အမိန့်ကို ကြားတာနဲ့ ရှုပ်ယှက်ခတ်နေတဲ့ တပ်ဖွဲ့ဟာ ချက်ချင်း ငြိမ်သက်သွားပါတယ်။ ခဏအတွင်းမှာပဲ စွမ်းအားကြီးမားတဲ့ စစ်ဝင်္က်ပါ တွေ တစ်ခုပြီးတစ်ခု ပေါ်ထွက်လာပါပြီ။

ဂျူဟွာ ကိုယ်တိုင်လည်း အနက်ရောင် သံချပ်ကာတပ်သား တစ်ရာနဲ့အတူ စစ်ဝင်္က်ပါတစ်ခု ဖွဲ့စည်းလိုက်ပါတယ်။

ကျွမ်းရွှေကလန်ရဲ့ ဒီစစ်ဝင်္က်ပါဟာ အလွန်နက်နဲပါတယ်။ လူတစ်ရာ ပါဝင်ပြီး သာမန် လွတ်မြောက်အင်မော်တယ် တစ်ယောက်က ဦးဆောင် ရင်တောင် ထိပ်တန်း လွတ်မြောက်အင်မော်တယ် အဆင့်အထိ အစွမ်းပြနိုင် ပါတယ်။ သာမန် လွတ်မြောက်အင်မော်တယ် တစ်ယောက်က ဒီဝင်္က်ပါကို ဦးဆောင်နိုင်သလို ထိပ်တန်း လွတ်မြောက်အင်မော်တယ် တစ်ယောက် လည်း ဦးဆောင်နိုင်ပါတယ်။ ဒါပေမဲ့ ဒီဝင်္က်ပါဟာ ထိပ်တန်း လွတ်မြောက် အင်မော်တယ်ကို နှစ်သန်းချီ လွတ်မြောက်အင်မော်တယ် တစ်ဦးလို

အစွမ်းထက်အောင်တော့ မြှင့်တင်မပေးနိုင်ပါဘူး။

နှစ်သန်းချီ လွတ်မြောက်အင်မော်တယ်ဆိုတာ ကောင်းကင်အင်မော်တယ်နဲ့ တန်းတူနီးပါး ရှိနေတာပါ။ မူလတာအို အဆင့် တပ်သား တစ်ရာတည်းနဲ့ ဒီလောက်တန်ခိုးစွမ်းအင်ကို ရရှိဖို့ဆိုတာ စိတ်ကူးယဉ်လွန်းရာ ကျပါတယ်။

ဒါပေမဲ့ ဒီဝက်ပါဟာ အင်အားကိုတော့ အတိုင်းအတာတစ်ခုအထိ မြှင့်တင်ပေးနိုင်ပါတယ်။ ဂျူဟွာဟာ သူ့ရဲ့ အစွမ်းကုန်ကို အစကတည်းက ထုတ်မပြချင်တာကြောင့် ဒီလို ဝက်ပါကို အသုံးချလိုက်တာပါ။

"ကျွမ်းရွှေဖင်ချိုး၊ လေလွင့်တိမ်တိုက်၊ ချင်းမူလင်း... မင်းတို့ တစ်ယောက်ချင်းစီက ဝက်ပါတစ်ခုစီကို ဦးဆောင်ပြီး ငါနဲ့အတူ အဲဒီ ဖင်းဂေါ့ကြီးကို ဝိုင်းတိုက်ကြ။"

ဂျူဟွာက စိတ်ချင်းဆက်သွယ်ပြီး အမိန့်ပေးလိုက်ပါတယ်။ အဲဒီနောက် လက်တစ်ချက် ဝှေ့ယမ်းလိုက်ပြီး ထိခိုက်ထားတဲ့ စစ်သင်္ဘောကြီးကို ပြန်သိမ်းလိုက်ပါပြီ။

ရေနန်းဆောင် စစ်သင်္ဘောကြီး က နောင်တစ်ချိန်မှာ အသုံးဝင်ဦးမှာမို့ ဂျူဟွာကတော့ ဒီနေရာမှာ အပျက်စီး မခံနိုင်ပါဘူး။ ဒ့ါအပြင် ဒီတိုက်ပွဲက ရှောင်လွှဲလို့ မရတာကြောင့် အစောကြီး တိုက်တိုက်၊ နောက်မှ တိုက်တိုက် ထူးခြားမှာ မဟုတ်ပါဘူး။

"ဂျူဟွာ... မင်း ဘာလို့ စစ်သင်္ဘောကို သိမ်းလိုက်တာလဲ"

ကျွမ်းရွှေဖင်ချိုးရဲ့ မျက်နှာမှာ စိုးရိမ်စိတ်တွေ အထင်းသား ထင်ဟပ်လာပါတယ်။ တစ်ဖက်လူက အစွမ်းထက်တဲ့ မြေကမ္ဘာ ဖင်းဂေါ့ ဖြစ်နေတာကို ဘာလို့ ဒီလောက် ပေါ့ပေါ့ဆဆ ရင်ဆိုင်ရတာလဲလို့ သူတွေးနေတာပါ။

"သင်္ဘောက ခံနိုင်ရည် အကန့်အသတ်ကို ရောက်နေပြီ။ ဆက်ထားထား

ရင် ကြာကြာ တောင့်ခံနိုင်မှာ မဟုတ်ဘူး။"

ဂျူဟွာက အမြန်ရှင်းပြလိုက်ပြီး အော်ဟစ်လိုက်ပါတယ်။

"အားလုံးပဲ... ငါ့နောက်က လိုက်ပြီး တိုက်ခိုက်ကြဟေ့။"

ဂျူဟွာက ရှေ့ဆုံးကနေ စတင် ခုန်ထွက်လိုက်ပြီး ကျန်တဲ့ လွတ်မြောက် အင်မော်တယ်တွေ ဦးဆောင်တဲ့ စစ်ဝက်ပါတွေကလည်း နောက်က လိုက် လာကြပါတယ်။ ကွဲပြားတာကတော့ ဂျူဟွာဟာ ဧရာမ မြေကမ္ဘာ ဖင်းဂေါ့ ကြီးဆီကို တန်းတန်းမတ်မတ် သွားပြီး ကျန်တဲ့သူတွေကတော့ မူလတာအို သူတော်စင်အဆင့် ဖင်းဂေါ့တွေကို ပစ်မှတ်ထား တိုက်ခိုက်ကြတာပါ။

ကျွမ်းရှွေဖင်ချိုးဟာ ဂျူဟွာက စစ်သဘော်ကို စောစောစီးစီး သိမ်းလိုက် တာကို မကျေမနပ် ဖြစ်နေပေမယ့် တပ်ဖွဲ့တစ်ခုလုံး အရှိန်နဲ့ ချီတက်နေပြီ ဖြစ်တာကြောင့် ဘာမှ ထပ်ပြောဖို့ အချိန်မရတော့ပါဘူး။ သူလည်း နောက် ကနေ လိုက်ပါတိုက်ခိုက်ဖို့ပဲ ရှိပါတော့တယ်။

ဂျူဟွာရဲ့ အမိန့်ပေးထားမှုကြောင့် ကျွမ်းရှွေဖင်ချိုးဟာ စိတ်မပါပေမယ့် လည်း ဧရာမ ဖင်းဂေါ့ကြီးဆီကိုပဲ အလားတူ ဦးတည်လိုက်ရပါတယ်။

မြေကမ္ဘာ ဖင်းဂေါ့ဆိုတာ ထိပ်တန်း လွတ်မြောက်အင်မော်တယ် တစ်ယောက်တည်း ရင်ဆိုင်နိုင်တဲ့ အရာ မဟုတ်ပါဘူး။ တကယ်လို့ သူ တစ်ယောက်တည်းသာ ဆိုရင် ကျွမ်းရှွေဖင်ချိုးဟာ ဂျူဟွာ့အမိန့်ကို နားထောင်ပြီး သွားတိုက်ခိုက်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အခုတော့ ကျွမ်းရှွေ ကလန်ရဲ့ စစ်ဝက်ပါ အရှိန်အဝါလည်း ရှိနေသလို၊ ဂျူဟွာ၊ လေလွင့် တိမ်တိုက်နဲ့ ချင်းမူလင်းတို့ သုံးယောက်လည်း ရှိနေတာကြောင့် ကျွမ်းရှွေ ဖင်ချိုးဟာ ဝင်တိုက်ဖို့ သတ္တိရှိသွားတာပါ။

တကယ်လို့သာ မတောင့်ခံနိုင်တော့ရင်တော့ သူ ချက်ချင်း လှည့်ပြေးမှာ

ပါပဲ။

ကျွမ်းရွှေဖင်ချိုး ဒီလိုတွေးနေတာကို လေလွင့်တိမ်တိုက် အင်မော်တယ်ကလည်း အလားတူပဲ တွေးနေတယ်ဆိုတာ သူ မသိပါဘူး။ လေလွင့်တိမ်တိုက်ကလည်း မနိုင်ရင် ချက်ချင်းပြေးဖို့ ပြင်ထားတာပါ။

ချင်းမူလင်းကတော့ ထွက်ပြေးဖို့ မစဉ်းစားသေးပါဘူး။ အမှန်အတိုင်းပြောရရင် သူမမှာ အရေးကြီးတဲ့ အခြေအနေမျိုးကလွဲလို့ ပြေးပိုင်ခွင့် မရှိတာပါ။ သူမဟာ တစ်ယောက်တည်း မဟုတ်ပါဘူး၊ သူမရဲ့ နောက်ကွယ်မှာ ချင်းမူကလန်ရှိနေပါတယ်။ ချင်းမူကလန်ဟာ ကျွမ်းရွှေကလန်ရဲ့ အကာအကွယ်ကို ယူထားရတာ ဖြစ်တာကြောင့် တကယ်လို့ သူမသာ ဒီစစ်ပွဲကနေ ထွက်ပြေးရင် သူမရဲ့ ကလန် ဒုက္ခရောက်သွားပါလိမ့်မယ်။

ဂျူဟွာကတော့ ကျွမ်းရွှေဖင်ချိုးနဲ့ တခြားသူတွေရဲ့ အတွေးတွေကို မသိပါဘူး။ အခုချိန်မှာ သူ့ရဲ့ အာရုံအားလုံးဟာ အနီးအနားကို ရောက်ရှိနေတဲ့ မြေကမ္ဘာ ဖင်းဂေါ့ကြီးဆီမှာပဲ ရှိပါတယ်။

တကယ်လို့ သူသာ အစွမ်းကုန် ထုတ်သုံးမယ်ဆိုရင် ဒီဖင်းဂေါ့ကို တစ်ယောက်ချင်း တိုက်ခိုက်ဖို့ သူ မကြောက်ပါဘူး။ ဒါပေမဲ့ စစ်ပွဲက အရှည်ကြီး ကျန်ပါသေးတယ်။ အခုကတည်းက အစွမ်းကုန် ထုတ်သုံးလိုက်ရင် နောက်ပိုင်းမှာ အန္တရာယ် ကြုံရနိုင်ခြေ ရှိပါတယ်။ အဲဒီလို ဖြစ်မယ့်အစား သူ့ရဲ့ အစွမ်းကို အစကတည်းက ဖုက်ထားတာကမှ ပိုကောင်းပါလိမ့်မယ်။ တကယ်လို့ နောင်တစ်ချိန်မှာ အသက်နဲ့သေခြင်းအဆုံးအဖြတ်ပေးရမယ့် အကျပ်အတည်းမျိုး ကြုံလာရင် ရုတ်တရက် အစွမ်းပြလိုက်တာက သူ့ကို အသက်ရှင်ခွင့် ပိုများသွားစေမှာပါ။

ဒါပေမဲ့ ဒီမြေကမ္ဘာ ဖင်းဂေါ့ကို သူ့အစွမ်းရဲ့ တစ်စိတ်တစ်ပိုင်းနဲ့ပဲ ရင်ဆိုင်နေရတာမို့ ဂျူဟွာလည်း ပေါ့ဆလို့ မရပါဘူး။ မဟုတ်ရင် မတော်တဆ ဒီဖ

င်းဂေါ့ရဲ့ တိုက်ခိုက်မှုကို တိုက်ရိုက် ခံလိုက်ရရင် နေရာတင် အသက်ပျောက်ပြီး သေဆုံးသွားနိုင်တယ် မဟုတ်ပါလား။

***